# JobKeeper ထောက်ပံ့ကြေးပေးငွေ

ဩစတြေးလျနိုင်ငံ အစိုးရ၏ **JobKeeper** ထောက်ပံ့ကြေးပေးငွေအရ၊ ကိုရိုနာဗိုင်းရပ်စ် စီးပွားရေး သက်ရောက်မှုကြောင့် ထိခိုက်ခံရသည့် ရထိုက်ရန်သတ်မှတ်ချက်နှင့်ညီညွတ်သော စီးပွားလုပ်ငန်းများသည် မိမိတို့၏ အလုပ်သမားများအား ဆက်လက်၍ လစာပေးနေရန် လုပ်ခစိုက်ပေးငွေကို ရယူနိုင်ပါမည်။

ထိခိုက်ခံရသည့် အလုပ်ရှင်များသည် ၂၀၂၀ ခုနှစ် မတ်လ ၃၀ ရက်နေ့မှစ၍ ၂၀၂၀ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့အထိ ရထိုက်ရန်သတ်မှတ်ချက်နှင့်ညီညွတ်သော အလုပ်သမား တစ်ဦးလျှင် နှစ်ပတ်ကို ဒေါ်လာ **$1,500** တောင်းခံနိုင်ပါမည်။

JobKeeper ထောက်ပံ့ကြေးပေးငွေအားဖြင့် ရထိုက်ရန်သတ်မှတ်ချက်နှင့်ညီညွတ်သော အလုပ်ရှင်များအား မိမိတို့၏ လုပ်သားအင်အားနှင့် ဆက်လက်၍ အဆက်အသွယ်ရှိနေစေရန် အပြင် ဘေးကပ်ကြီး ဆုံးခန်းတိုင်ရောက်သည့်အခါ စီးပွားရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန် ပြန်စလုပ်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း သေချာစေပါသည်။

ထောက်ပံ့ကြေးပေးငွေမှာ ကိုရိုနာဗိုင်းရပ်စ်၏ စီးပွားရေး သက်ရောက်မှုအပေါ် ဖြေသာစေရန် အစိုးရ၏ အစီအစဉ် တစ်စိတ်တစ်ဒေသဖြစ်ပြီး ပြန်လည်နာလန်ထခေါင်းမော့လာစေရန် ကူညီပေါင်းကူးပေးပါသည်။

## အလုပ်ရှင်များအတွက် အရေးကြီးသော အချက်အလက်များ

JobKeeper ထောက်ပံ့ကြေးပေးငွေကို လက်ခံရရှိရန် အလုပ်ရှင်များသည် ဩစတြေးလျနိုင်ငံ အခွန်ရုံး (Australian Taxation Office (ATO)) ဝက်ဘ်ဆိုက် www.ato.gov.au တွင် လျှောက်ထားရန်ရည်ရွယ်ချက်ကို မှတ်ပုံတင်ရမည်။

အလုပ်ရှင်များသည် ဝင်ငွေ လျှော့ထားချက်၏ သတ်မှတ်ထားသည့် ကျဆင်းမှု ရှိမရှိ သို့မဟုတ် ကြုံတွေ့မည် မကြုံတွေ့မည်ကိုလည်း စိစစ်ရမည် — သာ၍သေးငယ်သော စီးပွားလုပ်ငန်း အများစု အတွက် ၎င်းမှာ ၂၀၂၀ ခုနှစ် မတ်လ ၁ ရက်နေ့မှစ၍ အနည်းဆုံး တစ်လ ကာလအတွင်း ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်း သို့မဟုတ် ပို၍ ကျဆင်းမှုတစ်ရပ်ဖြစ်သည်။

ကိုယ်ပိုင်–အလုပ်လုပ်သော ပုဂ္ဂိုလ်များ (အလုပ်သမားများ မရှိသည့် စီးပွားလုပ်ငန်းများ) အပြင် ကုသိုလ်ဖြစ် အဖွဲ့အစည်းများအပါအဝင် အမြတ်အစွန်း–မယူသော အဖွဲ့အစည်းများအတွက် JobKeeper ထောက်ပံ့ကြေးပေးငွေ ရရှိရန် ဝင်ငွေ စိစစ်မှုများနှင့် ရထိုက်ရန်သတ်မှတ်ချက်တို့လည်း သက်ဆိုင်ကောင်း သက်ဆိုင်နိုင်ပါသည်။

လုပ်ငန်းဖြစ်စဉ် တစ်စိတ်တစ်ပိုင်းအရ အလုပ်ရှင်များသည် ရထိုက်ရန်သတ်မှတ်ချက်နှင့်ညီညွတ်သည့် အလုပ်သမားများနှင့် ပတ်သက်သော အချက်အလက်များကို ATO သို့ပေးရမည်။ ၎င်းတွင် ၂၀၂၀ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ရထိုက်ရန်သတ်မှတ်ချက်နှင့်ညီညွတ်သည့် အလုပ်သမား ဦးရေ နှင့်တကွ စီးပွားလုပ်ငန်းက လက်ရှိ အလုပ်ခန့်ထားသည့်သူများ (အလုပ်ဖြုတ်ခံရသူများ သို့မဟုတ် ပြန်–ငှါးထားသူများ အပါအဝင်) တို့ပါဝင်သည်။

ရထိုက်ရန်သတ်မှတ်ချက်နှင့်ညီညွတ်သည့် အလုပ်ရှင်များသည် ပထမဦးဆုံး JobKeeper ထောက်ပံ့ကြေးပေးငွေကို မေလ ပထမအပတ်မှစ၍ ရပါမည်။

## အလုပ်သမားများအတွက် အရေးကြီးသော အချက်အလက်များ

အကယ်၍ သင် အလုပ်သမားတစ်ဦးဖြစ်လျှင် သင့် အလုပ်ရှင်သည် သင့်ကိုယ်စား JobKeeper ထောက်ပံ့ကြေးပေးငွေကို တောင်းခံနေခြင်း ရှိမရှိကို သင့်အား အကြောင်းကြားပေးပါမည် — အလုပ်သမား အများစုမှာ နောက်ထပ် တစ်စုံတစ်ရာ လုပ်ရန် လိုအပ်မည် မဟုတ်ပါ။

အလုပ်ဖြုတ်ခံထားရသည့် အလုပ်သမားများအပါအဝင် အချိန်ပြည့်နှင့် အချိန်ပိုင်း အလုပ်သမားများသည် JobKeeper ထောက်ပံ့ကြေးပေးငွေအတွက် ရထိုက်ပါသည်။

ကျဘမ်းအလုပ်သမားတစ်ဦးမှာ မိမိ၏ အလုပ်ရှင်နှင့် ၂၀၂၀ ခုနှစ် မတ်လ ၁ ရက်နေ့၌ အနည်းဆုံး လွန်ခဲ့သည့် ၁၂ လ ပုံမှန်နှင့်စနစ်တကျ လုပ်နေလျက်ရှိသည့်ကိစ္စ၌ သူတို့သည်လည်း ထောက်ပံ့ကြေးပေးငွေကို ရထိုက်ပါမည်။ ၂၀၂၀ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ရထိုက်သော အလုပ်သမားများမှာ–

- ဩစတြေးလျ နိုင်ငံသားများ
- အမြဲတမ်း ဗီဇာ ကိုင်ဆောင်ထားသူ
- အထူး အမျိုးအစား (အတန်းအစားခွဲ 444) ဗီဇာ ကိုင်ဆောင်ထားသူ

အကယ်၍ သင် ရထိုက်ရန်သတ်မှတ်ချက်နှင့်ညီညွတ်လျှင် JobKeeper ထောက်ပံ့ကြေးပေးငွေအားဖြင့် သင့် ဝင်ငွေ တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို စိုက်ပေးပါလိမ့်မည် — သင့် အလုပ်ရှင်သည် သူတို့၏ လစာပေးစနစ်မှတစ်ဆင့် သင့်အား ပေးရန်တာဝန်ရှိပါမည်။

ရထိုက်သည့် အလုပ်သမားများသည် မိမိတို့၏ အလုပ်ရှင်ထံမှ နှစ်ပတ်လျှင် အခွန်မဖြတ်မီ လစာငွေ အနည်းဆုံး $1,500 လက်ခံရရှိပါမည်။ အလုပ်ရှင်ပေးရသော စုပါငွေကို JobKeeper ထောက်ပံ့ကြေးပေးငွေကြောင့် ပေးရသည့်အပိုငွေအပေါ် ပေးရန်မလိုပါ။

အကယ်၍ သင် နှစ်ပတ်လျှင် အခွန်မဖြတ်မီ လစာငွေ $1,500 ထက်နည်း၍ သာမန်အားဖြင့် လက်ခံရရှိလျှင် သင့် အလုပ်ရှင်သည် သင့်အား နှစ်ပတ်လျှင် အခွန်မဖြတ်မီ အနည်းဆုံး $1,500 ပေးရမည်။

အကယ်၍ JobKeeper ထောက်ပံ့ကြေးပေးငွေ လျှောက်လွှာကို အတည်ပြုလိုက်သော်လည်း သင် လက်ရှိ၌ JobSeeker ထောက်ပံ့ကြေးငွေကို လက်ခံရလျှင် သို့မဟုတ် အခြား ဝင်ငွေအကူ ထောက်ပံ့ကြေးငွေ တစ်ခု လက်ခံရလျှင် သင့်အနေဖြင့် သင်၏ ပြောင်းလဲသည့်အခြေအနေကို Services Australia အား အကြောင်းကြားရမည် သို့မဟုတ် သင် အကြွေးတင်သွားနိုင်ပြီး ၎င်းကို ပြန်ဆပ်ရန် လိုအပ်ပါမည်။